ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၃၁)　　၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်

## မာတိကာစဉ်

| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊နည်းဥပဒေနှင့်အမိန့်ကြော်ငြာစာအသစ်များအကြောင်းသိကောင်းစရာ။ | ၂-၃ |
| ၂။ | မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ်၂၆/၂၀၂၃ နှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၄ |
| ၃။ | Online Business သို့မဟုတ် Electronic Business အကြောင်းကို ဥပဒေရှုထောင့်မှ လေ့လာ တင်ပြခြင်း။ | ၅-၇ |
| ၄။ | စင်္ကာပူနိုင်ငံတွင် နိုင်ငံ၏ အမျိုးသားလုံခြုံရေးအကျိုးစီးပွားအတွက် အရေးပါသော စီးပွားရေးလုပ်ငန်းများတွင် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုများကို ကြီးကြပ်ရန် ဥပဒေကြမ်းအသစ်ကို အဆိုပြုခြင်း။ | ၈-၁၀ |
| ၅။ | အရှေ့ဒေသစီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ် (Eastern Corridor Investment Plan)။ | ၁၁-၁၂ |
| ၆။ | ဥရောပသမဂ္ဂသည် ကမ္ဘာ့ပထမဦးဆုံး ဉာဏ်ရည်တု AI စည်းမျဉ်းများ အပေါ် သဘောတူညီမှုရရှိခြင်း။ | ၁၃-၁၄ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်သော လျှောက်လွှာပုံစံများ သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းအစား ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ တို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၈၆ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၂)အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်သော လျှောက်လွှာပုံစံများကို ဤအမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၂၃ ဖြင့် ၂၇-၁၀-၂၀၂၃ ရက်နေ့တွင် သတ်မှတ်ခဲ့ပါသည်။

စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လိုအပ်သော လျှောက်လွှာပုံစံ(၂၁)မျိုးကို သတ်မှတ်ထားပြီး စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းအတွက် လျှောက်လွှာပုံစံ (ID-1)ဖြင့် မှတ်ပုံတင်အရာရှိထံ လိပ်မူ၍ လျှောက်ထားရမည်ဖြစ်ပါသည်။ လျှောက်ထားသူသည် ဖန်တီးသူမဟုတ်ပါက စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်း ဖော်ပြချက်ကို လျှောက်လွှာပုံစံ(ID-1a)ဖြင့် ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များအတွက် လျှောက်လွှာပုံစံ (ID-2) မှ (ID-18) အထိ လျှောက်လွှာပုံစံများကို အသုံးပြု၍ မှတ်ပုံတင်အရာရှိထံလိပ်မူ၍ လျှောက်ထားရမည်ဖြစ်ပြီး စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် အယူခံလျှောက်ထားခြင်းအတွက် လျှောက်လွှာပုံစံ (ID-19) ဖြင့် အေဂျင်စီ ဥက္ကဋ္ဌထံ လိပ်မူ၍ လျှောက်ထားရပါမည်။ အယူခံလျှောက်ထားရာတွင် ကိုယ်စားလှယ်

ခန့်အပ်၍ လျှောက်ထားခြင်းဖြစ်ပါက(ID-19a)ဖြင့် ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း နှင့် စက်မှုဒီဇိုင်း မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်သောလျှောက်လွှာပုံစံများကို မြန်မာဥပဒေသတင်း အချက်အလက်စနစ်တွင် ဝင်ရောက် လေ့လာကြည့်ရှုနိုင်ပါသည်။

e- Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၂၃ နှင့်စပ်လျဉ်း၍ သိကောင်းစရာ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၉ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၂၃ ကို ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၂ ဖြင့် ပို့ကုန်တင်ပို့သူများသည် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းကို မြန်မာကျပ်ငွေဖြင့်လဲလှယ်ရန် သတ်မှတ်ခဲ့ခြင်းအပေါ် ပို့ကုန်ရငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းအစား ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ရန် ပြင်ဆင်သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်းသိရှိရပြီး ယင်းအမိန့်ကြော်ငြာစာကိုလိုက်နာခြင်း မရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

ယင်းအမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းဖြင့် ပို့ကုန်တင်သွင်းသူများသည် ပို့ကုန်ရငွေ၏ ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း လဲလှယ်ရမည်ဖြစ်ပြီး ကျန် ၆၅ ရာခိုင်နှုန်းကို ပြင်ပဈေးကွက်ပေါက်ဈေးအတိုင်း လဲလှယ်နိုင်မည်ဖြစ်၍ ပို့ကုန်ပစ္စည်းမျိုးစုံကို ပိုမိုတင်ပို့နိုင်သဖြင့် ပို့ကုန်ပမာဏ မြင့်တင်လာမည့်အပြင် ပို့ကုန်ရငွေကို အသုံးချ၍ သွင်းကုန်တင်သွင်းသူများလည်း ပြန်လည်တင်သွင်းနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ

ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်:　　　မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## Online Business သို့မဟုတ် Electronic Business အကြောင်းကိုဥပဒေရှုထောင့်မှ လေ့လာတင်ပြခြင်း

Online Business သို့မဟုတ် Electronic Business ဆိုသည်မှာ အီလက်ထရောနစ်ဆက်သွယ်မှုကွန်ရက်မှစီးဆင်းအသုံးပြုသော စီးပွားရေးကိုဆိုလိုခြင်းဖြစ်ပြီး ယင်းစီးပွားရေးလုပ်ငန်းများကို ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များဖြင့် ပူးတွဲဆောင်ရွက်အသုံးပြုလာကြောင်း တွေ့ရှိရပါသည်။ ယင်းစီးပွားရေးစနစ်နှင့်စပ်လျဉ်း၍ ခွဲခြမ်းစိတ်ဖြာလေ့လာပါက E-shop, E-commerce, E-procurement, E-malls, E-auctions, Virtual Communities အစရှိသည်တို့ကို တွေ့ရှိနိုင်ပါသည်။ အဆိုပါOnline စီးပွားရေးလုပ်ငန်းများကို Social Media Network ဖြစ်သော Facebook, TikTok, Youtube အစရှိသော လူမှုအသိုင်းအဝိုင်း၌အသုံးများသည့် လူမှုကွန်ရက်များမှတစ်ဆင့် ပြည်သူလူထုအား ဆွဲဆောင်စည်းရုံးကာ အမျိုးမျိုးသောမက်လုံးများဖြင့် ကြော်ငြာခြင်း၊ Live လွှင့်ပြသရောင်းချခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့ကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်၍ ဈေးကွက်စီးပွားရှာခြင်းဖြစ်ပါသည်။

ယနေ့တိုးတက်လာသော ခေတ်ရေစီးကြောင်းအရ အွန်လိုင်းမှတစ်ဆင့် မိမိနှစ်သက်ရာ ကုန်ပစ္စည်းများကို အချိန်နှင့်တပြေးညီဝယ်ယူနိုင်ခြင်း၊ အမျိုးမျိုးသော ဝန်ဆောင်မှုများကို နေရာတစ်ခုတည်းတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်းအစရှိသည့် အကျိုးကျေးဇူးများကြောင့် အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်း (online shopping)ကို လုပ်ငန်းမျိုးစုံတွင် ပိုမို တွင်ကျယ်စွာအသုံးပြုလာကြကြောင်း တွေ့ရှိရပါသည်။ အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်း ဆိုသည်မှာ ကုန်စည်ကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ အွန်လိုင်းမှတစ်ဆင့် ဝန်ဆောင်မှုပေး၍ ရောင်းချခြင်းလုပ်ငန်းကိုဆိုလိုခြင်းဖြစ်ပြီး တစ်နည်းအားဖြင့်ဆိုသော် အင်တာနက်အခြေခံအသုံးပြု၍ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများကို ရောင်းဝယ်ဖောက်ကား လုပ်ကိုင်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ Online ဈေးကွက်သည်ရောင်းသူ၊ဝယ်သူအများအပြားပါဝင်သောဈေးကွက်တစ်ခုဖြစ်ခြင်းကြောင့် ပြည်တွင်း၌အွန်လိုင်းမှတစ်ဆင့် အရောင်းအဝယ်ပြုလုပ်သည့်လုပ်ငန်းများ များပြားလာခြင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အွန်လိုင်းအသုံးပြုစီးပွားရေးစနစ် ကျယ်ပြန့်လာသဖြင့် အွန်လိုင်းမှဈေးရောင်းချသူများအပေါ် ယုံကြည်စိတ်ချမှုရှိစေရန်နှင့် အတုအပလိမ်လည်ရောင်းချခြင်းများ မရှိစေရန်၊ online ဂိမ်းများ၊ လောင်းကစားနှင့်သက်ဆိုင်သည့်ကိစ္စများ၊ တရားမဝင်အရောင်းအဝယ်များ

နှင့် ဥပဒေအရကန့်သတ်ထားသည့်ကုန်ပစ္စည်း များကိုဆောင်ရွက်ခြင်းမှ တားဆီးနိုင်ရန်၊ Online အသုံးပြု၍ မသမာသောနည်းဖြင့် ငွေကြေးလိမ်လည် ဖြစ်ပွားမှုများကို ပပျောက်စေရန်၊ စားသုံး / ဝယ်ယူသူများကို အကာအကွယ်ပေးနိုင်စေရန်၊ အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရန် နှင့် နိုင်ငံတော်၏အကျိုးစီးပွားကိုမြှင့်တင်နိုင်စေရန်အလို့ငှာ အွန်လိုင်းစီးပွားရေးလုပ်ငန်းအတွက် ဥပဒေကြောင်းအရ အကာအကွယ်ပေးနိုင်မည့်အစီအမံများ ဆောင်ရွက်ထားရှိရန် လိုအပ်မည် ဖြစ်ပါသည်။

နိုင်ငံတကာတွင် အွန်လိုင်းစီးပွားရေး လုပ်ငန်းတိုင်းသည် ဥပဒေအရမှတ်ပုံတင်ရန်၊ အခွန်ဆောင်ရန်၊ စည်းမျဉ်းသတ်မှတ်ချက်များ လိုက်နာရန် ဆောင်ရွက်ထားခြင်းကြောင့် မြန်မာနိုင်ငံတွင်လည်း စနစ်တကျဖြစ်စေရန်၊ ထိခိုက်နစ်နာသူများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တာဝန်ယူဖြေရှင်းပေးနိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၁-၇-၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၂၃ ဖြင့် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ခဲ့ပြီး အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ခြောက်လပြည့်မြောက်သည့်နေ့ရက်မှစ၍ မှတ်ပုံတင်လက်မှတ်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြောင်း တွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း၊ အမိန့်ကြော်ငြာစာအမှတ် ၅၁/ ၂၀၂၃ ဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်ကို ထုတ်ပြန်ခဲ့ပြီး ယင်းအမိန့် ၂၆ အရ "မည်သူမဆို၍အမိန့်အရ ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း" ထုတ်ပြန်ခဲ့ပါသည်။ Online ဖြင့် စီးပွားရေးလုပ်ကိုင်သူများအနေဖြင့် ယင်းအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ ခြောက်လအတွင်း မိမိတို့၏စီးပွားလုပ်ငန်းများကို မဖြစ်မနေ မှတ်ပုံတင်ရမည်ဖြစ်ပြီး ယင်းအမိန့်ကို လိုက်နာခြင်းမရှိပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သတိပြုရန် လိုအပ်ပါသည်။

မှတ်ပုံတင်လျှောက်ထားလိုသူများအနေဖြင့် လူကိုယ်တိုင် လာရောက် ဆောင်ရွက်ရန် မလိုဘဲ www. Ecomreg.gov.mm မှတစ်ဆင့် အွန်လိုင်းစနစ်ဖြင့် ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၂

ရက်နေ့မှစ၍ လျှော့ချက်ထားဆောင်ရွက်နိုင်ကြောင်းနှင့် ၃၁-၁၂-၂၀၂၃ အထိ မှတ်ပုံတင်ကြေးပေးဆောင်စရာမလိုဘဲ အွန်လိုင်းဝန်ဆောင်ခသာ ပေးသွင်းရမည်ဖြစ်ကြောင်း သိရှိရပါသည်။ Online shop များအတွက် မှတ်ပုံတင်လက်မှတ်၏သက်တမ်းမှာ စတင်ထုတ်ပေးသည့်နေ့ရက်မှ နှစ် နှစ်တိတိပြည့်မြောက်သော နေ့ရက်အထိဖြစ်ပြီး သက်တမ်းမကုန်မီရက်ပေါင်း ၆၀ ကြိုတင်၍သက်တမ်းတိုးလျှောက်ထားရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် Online ရောင်းဝယ်ဖောက်ကားမှုကို အားပေးထောက်ခံသင့်သော်လည်း ယခုလက်ရှိကာလတွင် ကုန်စည်စျေးနှုန်းအဆမတန်မြင့်တက်မှုများ ဖြစ်ပေါ်လျက်ရှိရာ ယင်းကဲ့သို့ ကုန်စျေးနှုန်းမြင့်မားမှုများကို ထိန်းချုပ်ရန် ချက်ခဲသည့်အွန်လိုင်းစီပွားရေးအလေ့အထများ၊ ဒီဂျစ်တယ်ပလက်ဖောင်းများမှ ဝင်ရောက်ရောင်းဝယ်ကြသောလုပ်ငန်းများတွင် ဝယ်ယူသူများအတွက် အချက်အလက်အကာကွယ်ပေးမှုမရှိသည့်ကိစ္စများနှင့် အတုအပလိမ်လည်ရောင်းဝယ်ဖောက်ကားမှုများသည် Online ပေါ်တွင် အဓိကကြုံတွေ့နေရသော စိန်ခေါ်မှုများဖြစ်ပြီး Online စျေးကွက်တွင် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုပြန်လည်သုံးသပ်၍ အကောင်းဆုံးအခြေအနေဖြစ်စေရန် ချိန်ညှိဆောင်ရွက်သွားသင့်ပါကြောင်း လေ့လာသိရှိရပါသည်။

ပြစ်မှုဆိုင်ရာအယူခံ၊ ပြင်ဆင်စိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source:

- စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၁-၇-၂၀၂၃ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် ၅၀/၂၃နှင့် ၅၁/၂၃
- https:// npnewsmm. Com
- commerce. gov.mm
- layuethonthon . blogspot.com

# စက်ာပူနိုင်ငံတွင် နိုင်ငံ၏အမျိုးသားလုံခြုံရေးအကျိုးစီးပွားအတွက် အရေးပါသော စီးပွားရေးလုပ်ငန်းများများတွင် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုများကို ကြီးကြပ်ရန် ဥပဒေကြမ်းအသစ်ကို အဆိုပြုခြင်း

၂၀၂၃ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာန (MTI) သည် သိသာထင်ရှားသောရင်းနှီးမြှုပ်နှံမှုများပြန်လည်သုံးသပ်ခြင်းဥပဒေကြမ်းကို အဆိုပြုကြေညာခဲ့သည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ကျင်းပသော လွှတ်တော်အစည်းအဝေး အတွင်း အဆိုပါဥပဒေကြမ်းအား တရားဝင် တင်သွင်းခဲ့ပါသည်။ ဒုတိယအကြိမ် ဖတ်ရှုခြင်းကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်ရန်စီစဉ်ထားပြီး အတည်ပြုပါက လအနည်းငယ်အကြာတွင် အသက်ဝင်မည်ဖြစ်သည်။

အဆိုပါဥပဒေကြမ်းသည် နိုင်ငံတော်၏အမျိုးသားလုံခြုံရေး အကျိုးစီးပွားအတွက် အရေးပါသောအဖွဲ့အစည်းများတွင် ၎င်းတို့၏ မူလရင်းနှီးမြှုပ်နှံမှုများ မည်သို့ပင်ရှိစေကာမူ များပြားလှသော ရင်းနှီးမြှုပ်နှံမှုများကို ကြီးကြပ်ရန် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများသာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့ ပါပါဝင်သော စီးပွားရေးလုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲရန် ဖြစ်ပါသည်။ ဥပဒေကြမ်း၏အဓိကရည်ရွယ်ချက်မှာ ပိုင်ဆိုင်မှုကိုစောင့်ကြည့်ခြင်းနှင့် မရှိမဖြစ်လိုအပ်သော စီးပွားရေးလုပ်ငန်းများ၏ အပြောင်းအလဲများကို ထိန်းချုပ်ရန်အတွက် ပြည့်စုံသောမူဘောင်တစ်ခုကို တည်ထောင်ရန်ဖြစ်ပြီး၊ လုံခြုံပြီး သာတူညီမျှသော ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကို ရရှိစေရန်ဖြစ်သည်။ ဥပဒေကြမ်းသည် ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲမှုစနစ်သစ်ကို ချမှတ်ထားပါသည်။

ဤဥပဒေကြမ်း၏ကြီးကြပ်မှုစနစ်အရ စင်ကာပူနိုင်ငံ၏အမျိုးသားလုံခြုံရေးအကျိုးစီးပွားနှင့်သက်ဆိုင်သော စီးပွားရေးလုပ်ငန်းများကို သတ်မှတ်ရန်ဖြစ်သည်။ ထိုသို့ သတ်မှတ်ရာတွင် စက်ာပူနိုင်ငံတွင် ဖွဲ့စည်းထားသောစီးပွားရေးလုပ်ငန်းများ၊ စက်ာပူနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများ ၊ သို့မဟုတ် စင်ကာပူနိုင်ငံတွင် ကုန်ပစ္စည်းနှင့်

ဝန်ဆောင်မှုများပေးနေသော စီးပွားရေးလုပ်ငန်းများကို အမျိုးသားလုံခြုံရေးအကျိုးစီးပွားနှင့် သက်ဆိုင်လျှင် ထိုစီးပွားရေးလုပ်ငန်းများကို အမျိုးသားလုံခြုံရေးအကျိုးစီးပွားနှင့်သက်ဆိုင်သော စီးပွားရေးလုပ်ငန်းများအဖြစ် သတ်မှတ်ပေးနိုင်သည်။

ထိုသတ်မှတ်ထားသည့် စီးပွားရေးလုပ်ငန်းများတွင် "အဓိကအရာရှိများ" ဖြစ်သည့် အမှုဆောင်အရာရှိချုပ်၊ ဒါရိုက်တာများ၊ ဘုတ်အဖွဲ့ဥက္ကဋ္ဌ ခန့်အပ်ခြင်းတို့ကို ဖော်ပြထားသည်။ ထိုသို့ခန့်အပ်ရာတွင် ခွင့်ပြုချက်မရှိဘဲ ခန့်အပ်ပါက သို့မဟုတ် ခွင့်ပြုချက်ဆိုင်ရာ စည်းကမ်းချက်များကို ချိုးဖောက်ပါက ယင်းအရာရှိများကို ဖယ်ရှားနိုင်သည်။ ခန့်အပ်ပြီးသောအရာရှိများကိုလည်း ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာနဝန်ကြီးမှ နိုင်ငံတော်၏အမျိုးသားလုံခြုံမှုအကျိုးစီးပွားအတွက် လိုအပ်ပါက ရာထူးမှ ထုတ်ပယ်နိုင်သည်။

ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုဆိုင်ရာ ပြောင်းလဲမှုများအတွက် တင်းကြပ်သော အသိပေးချက်နှင့်အတည်ပြုချက်လုပ်ငန်းစဉ်ကို ဥပဒေကြမ်းတွင် ဖော်ပြထားသည်။ အချို့သောအခြေအနေများတွင် ပြန်လည်ကုစားရန် လမ်းညွှန်ချက်များကို ထုတ်ပြန်နိုင်သည်။ ဥပမာ အားဖြင့် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းများတွင် ခွင့်ပြုချက်သတ်မှတ်ချက်များကို လိုက်နာခြင်းမရှိပါက အစုရှယ်ယာအကျိုးစီးပွားများကို လွှဲပြောင်းရန် သို့မဟုတ် ဖယ်ရှားရန် အမိန့်ပေးနိုင်သည်။

ထို့ပြင် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏အရေးကြီးသော လုပ်ဆောင်ချက်များကိုနိုင်ငံ၏လုံခြုံရေးနှင့်ယုံကြည်စိတ်ချရမှုရှိစေရန်အတွက် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားနှင့်သက်ဆိုင်သော စည်းကမ်းချက်များကိုလည်း လိုက်နာရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့်၊ ဝန်ကြီး၏ခွင့်ပြုချက်မရှိဘဲ သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းများကိုဆန္ဒအလျောက် ဖျက်သိမ်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း မပြုရပါ။

အမျိုးသားလုံခြုံရေးအကျိုးစီးပွားနှင့်သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲမှု အစီအမံများအား အဆိုပြုခြင်းသည် စင်္ကာပူနိုင်ငံ၏ အမျိုးသားလုံခြုံရေး

အကျိုးစီးပွားကို အားဖြည့်ပေးရန်ဖြစ်ကြောင်း၊ အမျိုးသားလုံခြုံရေးအကျိုးစီးပွားနှင့် သက်ဆိုင်သည့်စီးပွားရေးလုပ်ငန်းများကို လုံခြုံရေးနှင့် ယုံကြည်စိတ်ချရမှုကို အကာအကွယ်ပေးသည့် ခိုင်ခံ့သောမူဘောင်ကို ထူထောင်ခြင်းဖြင့် စင်္ကာပူနိုင်ငံသည် လုံခြုံပြီး ယုံကြည်စိတ်ချရသော စီးပွားရေးအချက်အချာကျသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခံ့စေရန် ရည်မှန်းထားကြောင်း သိရှိရပါသည်။

**ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန**
**ဥပဒေရေးရာဝန်ကြီးဌာန**

Source:
https://www.mti.gov.sg/Newsroom/PressReleases/2023/10/Introductionof-the-Significant-Investments-Review-Bill

## အရှေ့ဒေသစီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ် (Eastern Corridor Investment Plan)

အရှေ့ဒေသစီးပွားရေးစင်္ကြံ (EEC) မူဝါဒကော်မတီကို ထိုင်းနိုင်ငံဝန်ကြီးချုပ် ဦးဆောင်ပြီး ဝန်ကြီး ၁၅ ဦးအပါအဝင် ပညာရှင်များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများမှ အဖွဲ့ဝင်များဖြင့် ထိုင်းနိုင်ငံတွင် ဖွဲ့စည်းထားပါသည်။

အရှေ့ဒေသစီးပွားရေးစင်္ကြံ (EEC) မူဝါဒကော်မတီသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆွဲဆောင်ရန်ရည်ရွယ်ချက်ဖြင့် ၂၀၂၃ ခုနှစ် မှ ၂၀၂၇ခုနှစ်ထိ ငါးနှစ်တာ ကာလအတွက် အရှေ့ဒေသ စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအစီအစဉ်ကို အတည်ပြုခဲ့ပါသည်။ အဆိုပါ ငါးနှစ်တာ ဖွံ့ဖြိုးရေးအစီအစဉ်တွင် အဓိကအားဖြင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမဟာဗျူဟာ ငါးရပ်ကို ချမှတ် ထားပါသည်။

အဆိုပါမဟာဗျူဟာငါးရပ်မှာ အဓိကရည်ရွယ်ထားသည့် စက်မှုလုပ်ငန်းများနှင့် အနာဂတ် ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်၊ အခြေခံအဆောက်အအုံနှင့် အများပြည် သူအတွက် အသုံးဝင်မှုစနစ်များ၏ထိရောက်မှုနှင့် အသုံးဝင်စေမှုကိုမြှင့်တင်ရန်၊ နည်းပညာပြောင်းလဲ မှုများနှင့် ဆန်းသစ်တီထွင်မှုများကို လိုက်လျောညီထွေဖြစ်စေရေးအတွက် လုပ်သားအင်အားစု၏ အရည်အချင်းကိုမြှင့်တင်ရန်၊ အလုပ်အကိုင်နှင့်နေထိုင်ရန် သင့်လျော်သည့်မြို့ကြီးများ ဖြစ်ထွန်းစေ ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများမှ ရရှိနိုင်သောအကျိုးကျေးဇူးများကို လူ့ဘောင်အဖွဲ့အစည်း၏ စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်ရန် တို့ဖြစ်ပါသည်။ စီမံကိန်းချမှတ်ရေးဆွဲရသည့် အဓိကရည်မှန်းချက်မှာ အစိုးရ၏အထင်ကရ စက်မှုဇုန်များတွင် ၂၀၂၃ ခုနှစ်မှ ၂၀၂၇ ခုနှစ်ထိ ငါးနှစ် တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုကို စုစုပေါင်းဘတ်ငွေ ၅၀၀ ဘီလီယံ သို့မဟုတ် တစ်နှစ်လျှင် ဘတ် ၁၀၀ ဘီလီယံထိ မြှင့်တင်ရန်၊ အရှေ့ဒေသစီးပွားရေးစင်္ကြံဒေသမှ ပြည်နယ်များရှိ ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်ရန်နှင့် ဒေသခံပြည်သူများအတွက် ဝင်ငွေနှင့်လူနေမှုဘဝ တိုးတက်စေရန် ရည်ရွယ် ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် ကောင်းမွန်သော လူမှုအသိုက်အဝန်းတစ်ခုကို ဖန်တီးရန်နှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်လည်း ရည်ရွယ်ချက်များထားရှိပါသည်။

အရှေ့ဒေသစီးပွားရေးစင်္ကြံဒေသရှိ ဦးစားပေးစက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုမည်ဖြစ်ပြီး နိုင်ငံခြားသားအလုပ်သမားများအတွက် EEC Visa အစီအစဉ်ကိုလည်း ခွင့်ပြုသွားမည်ဖြစ်ပါသည်။

အဆိုပါအစီအစဉ်အရ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသူများကို ၁၀ နှစ်အထိ ဗီဇာထုတ်ပေးမည့်အပြင် ဝင်ငွေခွန်ကို ၁၇% ထိ ပုံသေသတ်မှတ်ခြင်း၊ EEC work permit အတွက် အလိုအလျောက် အတည်ပြုခြင်း၊ ထိုင်းနိုင်ငံအတွင်း နိုင်ငံတကာလေဆိပ်များတွင် ဦးစားပေးဝန်ဆောင်မှုပေးခြင်းစသည့် အထူးအခွင့်အရေးများရရှိမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အထက်ပါအထူးအခွင့်ရေးများကို EEC မှ ၁-၁-၂၀၂၄ နေ့မှ စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်** : https://www.bangkokpost.com/business/investment/2691784/eastern-corridor-investment-plan-confirmed

## ဥရောပသမဂ္ဂသည် ကမ္ဘာ့ပထမဦးဆုံး ဉာဏ်ရည်တု AI စည်းမျဉ်းများအပေါ် သဘောတူညီမှုရရှိခြင်း

ဥရောပသမဂ္ဂကောင်စီနှင့် ဥရောပပါလီမန်တို့သည် ဉာဏ်ရည်တုကိုထိန်းချုပ်သော ကမ္ဘာ့ပထမဆုံးစည်းမျဉ်းများကိုဖော်ပြထားသည့် ဉာဏ်ရည်တုဆိုင်ရာအက်ဥပဒေ(အေအိုင်အက်ဥပဒေ) အပေါ် ယာယီသဘောတူမှုတစ်ခုကို ရရှိခဲ့ပါသည်။

အေအိုင်အက်ဥပဒေ၏အဓိကရည်ရွယ်ချက်မှာ အန္တရာယ်ဖြစ်နိုင်ချေပိုမိုမြင့်မားသော အေအိုင်စနစ်များတွင် ပိုမိုတင်းကျပ်သောစည်းမျဉ်းများကို အသုံးပြုရာ၌ သက်ဆိုင်သည့်အန္တရာယ်အခြေပြုချဉ်းကပ်မှုတစ်ခုကို အသုံးချခြင်းအားဖြင့် လူ့အဖွဲ့အစည်းကို ဖြစ်နိုင်ချေရှိသော အန္တရာယ်များအပေါ်အေအိုင်ကိုအခြေခံ၍ စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းချုပ်ရန်ဖြစ်ပါသည်။ ဤထူးခြားသော ဥပဒေပြဋ္ဌာန်းချက်သည် အချက်အလက်ကာကွယ်ရေးနယ်ပယ်တွင် အီးယူ၏အထွေထွေအချက်အလက်ကာကွယ်ရေးစည်းမျဉ်း(GDPR)၏ အကျိုးသက်ရောက်မှုနှင့်တူညီသော အေအိုင်စည်းမျဉ်းအတွက် ကမ္ဘာလုံးဆိုင်ရာစံနှုန်းတစ်ခုချမှတ်ရန် အလားအလာရှိပါသည်။

ယာယီသဘောတူညီချက်၏ အဓိကပြဋ္ဌာန်းချက်များတွင် အေအိုင်စနစ်တွင် ပိုမိုမြင့်မားသော အန္တရာယ်ကျရောက်မှုများအတွက် စည်းမျဉ်းစည်းကမ်းများကဲ့သို့ အနာဂတ်တွင် စနစ်တကျအန္တရာယ်များဖြစ်စေနိုင်ပြီး ထိခိုက်မှုမြင့်မားသည့်အေအိုင်မော်ဒယ်များအတွက် စည်းမျဉ်းများလည်းပါဝင်သည်။ အုပ်ချုပ်ရေးမူဘောင်ကို ပြန်လည်ပြင်ဆင်ခဲ့ပြီး ဥရောပသမဂ္ဂအဆင့်တွင် ဥပဒေစိုးမိုးရေးအာဏာများကို ခွင့်ပြုခဲ့သည်။ အကာအကွယ်ပေးမှုများနှင့်အညီ အများပြည်သူပိုင်နေရာများတွင် ဥပဒေစိုးမိုးရေးအာဏာပိုင်များက remote biometric identification အား အသုံးပြုရန် ခွင့်ပြုနေစဉ်တွင် တားမြစ်ချက်များ၏စာရင်းကို တိုးမြှင့်ခဲ့သည်။ အခြေခံအခွင့်အရေးများကို ကာကွယ်ရန်အတွက် အန္တရာယ်မြင့်မားသော အေအိုင်စနစ်အသုံးချသူများသည် ထိုကဲ့သို့စနစ်များကို အသုံးချခြင်းမပြုမီ အခြေခံအခွင့်အရေးများအပေါ် အကျိုးသက်ရောက်မှုအား အကဲဖြတ်မှုဆောင်ရွက်ရန် လိုအပ်လိမ့်မည် ဖြစ်ပါသည်။

ဥရောပသမဂ္ဂ၏ ပြည်တွင်းဈေးကွက်ဆိုင်ရာ ဥရောပကော်မရှင်နာဖြစ်သူ Thierry Breton က သဘောတူညီချက်ကို သမိုင်းဝင်အောင်မြင်မှုတစ်ခုအဖြစ် ကြိုဆိုခဲ့သည်။ ၎င်းက ဥရောပသမဂ္ဂသည် အေအိုင်အသုံးပြုမှုအတွက် ပြီးပြည့်စုံသော စည်းမျဉ်းများချမှတ်ရာတွင် ပထမဆုံး

ဖြစ်လာခဲ့သည်ဟု အလေးပေး ပြောကြားခဲ့သည်။ အေအိုင်အက်ဥပဒေသည် နည်းဥပဒေစာအုပ်တစ်ခုထက်သာမကဘဲ ကမ္ဘာလုံးဆိုင်ရာအေအိုင်ယှဉ်ပြိုင်မှုကို သုတေသီများက ဦးဆောင်ရန် စတင်မှုတစ်ခုဖြစ်စေကြောင်း Thierry Breton က ဖော်ပြခဲ့ပါသည်။ ဥရောပပါလီမန် ဥက္ကဋ္ဌ ဖြစ်သူ Roberta Metsola က ယင်းသည် ကမ္ဘာလုံးဆိုင်ရာစံနှုန်းများ ချမှတ်ခြင်းဖြစ်ကြောင်းနှင့် Digital Europe အတွက် အရေးပါသောအချိန်တစ်ခုဖြစ်ကြောင်း ပြောကြားပြီး ဖွံ့ဖြိုးတိုးတက်မှုကို ကြိုဆိုခဲ့ပါသည်။

သို့သော်လည်းအေအိုင်အက်ဥပဒေအပေါ်သုံးသပ်ဝေဖန်မှုများရှိနေပါသည်။ အေအိုင်ပါမောက္ခ ၁၅၀ ကျော်နဲ့ပညာရှင်များ လက်မှတ်ရေးထိုးထားသည့် အိတ်ဖွင့်စာတစ်စောင်တွင် ပညာရှင်များက သုတေသနစီမံကိန်းများအတွက် အခြေခံအုတ်မြစ်ပုံစံများကို ဝေမျှရာတွင် ဆောင်ရွက်ပေးရမည့် လိုအပ်ချက်များမှ ကင်းလွတ်ခွင့်များအား တောင်းဆိုကြပါသည်။ Helsinki တက္ကသိုလ် မှ Data Science ပါမောက္ခတစ်ဦးဖြစ်သူ Anti Honkela က ဥရောပအေအိုင်သုတေသနအပေါ် အလားအလာရှိသော အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော် ပြောဆိုခဲ့ပါသည်။ ၎င်းက အေအိုင်သုတေသနအတွက် အရေးကြီးသည်ဟု ယူဆသော စွမ်းအင်ပြည့်ဝသည့် အခြေခံအုတ်မြစ်ပုံစံများအပါအဝင် ပုံစံများဝေမျှခြင်းကို ခွင့်ပြုခြင်း၏အရေးပါမှုကို အလေးပေး ပြောကြားခဲ့ပြီး ဥရောပအေအိုင်သုတေသနတွင် ဆန်းသစ်တီထွင်မှုဟန့်တားခြင်းကို ရှောင်ရှားရန်အတွက် ဤပြဋ္ဌာန်းချက်များကို ဂရုတစိုက် စဉ်းစားသုံးသပ်ရန် မူဝါဒချမှတ်သူများကို တိုက်တွန်းခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.jurist.org/news/2023/12/eu-reaches-deal-on-world-first-artificial-intelligence-rules/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

